စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

# နှံစားပြောင်းသီးနှံစမ်းသပ်စိုက်ပျိုးခြင်း


ဦးမိုးနိုင်
လက်ထောက်ညွှန်ကြားရေးမှူး
နမ့်စန်စိုက်ကွင်း

# နိဒါန်း

နံ့စားပြောင်းသည်ကမ္ဘာတွင်ပဥ္စမမြောက်အရေးအပါဆုံးသီးနှံဖြစ်ပြီးအာဟာရဓါတ်များစွာကြွယ်ဝသောသီးနှံဖြစ်သည်။ ၎င်းတွင်အမျှင်ဓါတ်များပရိုတင်းနှင့်မရှိမဖြစ်လိုအပ်သောသတ္တုဓါတ်များ (Fiber, Protein, Vitamin B1, B2, B5,B6နှင့်မဂ္ဂနီဆီရမ်၊ ဖော့ပရပ်၊ ပိုတက်ဆီ ယမ်နှင့်ကာဗိုဟိုက်ဒရိတ်တို့ပါဝင် ပါသည်။

မြောက်သွေ့ပူပြင်းသောဒေသများတွင်ကျွဲစာ၊နွားစာအဖြစ်အသုံးပြုခဲ့ကြပြီးဆန်ရှားပါးသောဒေသများတွင် ဆန်အစား စားသုံးကြပါသည်။

ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်၍ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရာတွင် ရေလို အပ်မှုနည်းသောနံ့စားပြောင်းကိုထည့်သွင်းစိုက် ပျိုးခြင်းဖြင့်သီးနှံစိုက်စွမ်းအားတိုးတက်ကာတောင်သူများဝင်ငွေတိုးတက်လာစေမည်ဖြစ်ပါသည်။

# ရည်ရွယ်ချက်

၁။ တောင်ကြီးမြို့နယ်ပတ်ဝန်းကျင်တွင် နံ့စားပြောင်းစိုက်ပျိုးဖြစ်ထွန်းနိုင်မှု ရှိ/မရှိ

နှင့်

၂။ စီးပွားရေးအရတွက်ချေကိုက်မှုရှိ/မရှိ သိရှိနိုင်ရန်

# စမ်းသပ်ကွက် ဆောင်ရွက်ရသည့်အကြောင်းအရာအကျဉ်းချုပ်

တစ်ပိုင်တစ်နိုင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းမှ စီးပွားဖြစ်နွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာချိန်တွင် အစားအစာနှင့် စားကျက်မြေနေရာလိုအပ်ချက်များသည် ထည့်သွင်း စဉ်းစားရမည့်အချက်များဖြစ်လာခဲ့သည်။

စားသုံးသီးနှံစိုက် ဧရိယာများသည်စားနပ်ရိက္ခာလိုအပ်ချက်မြင့်မားလာသည်နှင့်အမျှ တိုးတက်လာလျှက်ရှိရာ မြေလွတ်မြေလပ်နှင့်စားကျက်မြေများလျှော့နည်းလာမှုများကြုံတွေ့လာရပါသည်။

သီးနှံစားသုံးမှုနှင့် အသားဓါတ်ဖြည့်တင်းရရှိနိုင်မှုသည် ယှဉ်တွဲတိုးတက်ရန် လိုအပ်လျှက်ရှိရာ တိရစ္ဆာန်မွေးမြူရေးနှင့် တိရိစ္ဆာန်များ အဟာရဓါတ်ပြည့်ဝရေးသည်လည်းအရေးတကြီးလုပ်ဆောင်ရမည့်လုပ်ငန်းများဖြစ်လာခဲ့ပါသည်။

အိမ်မွေးတိရစ္ဆာန်များလွတ်ကျောင်းရန်ခက်ခဲသေဒေသများတွင် ဖြည့်စွက်အစာနှင့်အာဟာရဓါတ်များ ရရှိနိုင်မှသာလျှင်အသားထုတ်လုပ်ငန်းအောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

# စမ်းသပ်ကွက် အသေးစိတ်လုပ်ဆောင်ချက်များ

| | |
|---|---|
| -ဆောင်ရွက်ခဲ့သည့်ခုနှစ် | ၂၀၂၁-၂၀၂၂ |
| -ဆောင်ရွက်ခဲ့သည့်ဒေသ | ကျောက်နီစိုက်ကွင်း၊တောင်ကြီးမြို့နယ် |
| -ဆောင်ရွက်ခဲ့သည့်အကြိမ်ရေ | ပထမ |
| -ဆောင်ရွက်ခဲ့သည့်ဒီဇိုင်း | ရိုးရိုး၊အကွက်ကျယ်စမ်းသပ်ကွက်<br>နှံစားပြောင်းတစ်မျိုးလျှင်(၁)ကေ |
| -စိုက်စနစ် | စိုက်တန်း(၂.၅)ပေ၊စိုက်ကျင်း (၀.၂၅-၀.၅)ပေခန့် |

# ကောက်ယူခဲ့သည့်မှတ်တမ်းများ

-အပင်ပေါက်စုံရက်

-အပင်အမြင့်၊အနှံထိအမြင့်

-အနှံ အရှည်/အမျိုးအစား

-အပင်သက် (၆၆)ရက်သားရှိစုစုပေါင်းနိုက်ထရိုဂျင်ပါဝင်မှု၊ပိုတက်ဆီရမ်နှင့်ဖော့ပရပ်ရရှိနိုင်မှု

-တစ်ဧက အစေ့အထွက်နှင့်အရိုးအထွက်နှုန်း

-အပင်အစိုအခြောက်အလေးချိန်

# စမ်းသပ်ကွက်ရလဒ်များနှင့်ဆွေးနွေးချက်များ

| စဉ် | အကြောင်းအရာ | ရေဆင်း ၇ | ရွှေနီ ၁၅ | ဒေသမျိုး |
|---|---|---|---|---|
| ၁ | အပင်ပေါက်စုံရက်/ရိတ်သိမ်းရက်(DAP) | ၅/၁၄၆ | ၅/၁၂၆ | ၅/၁၆၅ |
| ၂ | အပင်အမြင့်(Feet) | ၁၅.၂၅ | ၉.၂၅ | ၈.၅ |
| | အနှံထိအမြင့်(Feet) | ၁၄.၂ | ၈.၁၃ | ၇.၉ |
| ၃ | အနှံအရှည်(Inches) | ၁၂.၅ | ၁၁.၁၂ | ၇.၁၆ |
| | အနှံအမျိုးအစား | မဆုပ်မကား | နှံဆုပ် | နှံဆုပ် |
| ၄ | (၆၆)ရက်သားရှိနိုက်ထရိုဂျင်(Total) | ၁.၁ | ၁.၆ | ၁.၁၅ |
| | (၆၆)ရက်သားရှိပိုတက်(Available) | ၂.၃ | ၁.၉ | ၁.၅ |
| | (၆၆)ရက်သားရှိဖော့ပရပ်(Available) | ၂.၁ | ၀.၆ | ၀.၃ |
| ၅ | တစ်ဧက အစေ့/အရိုးအထွက်(Ton) | ၀.၃၇၆/၈.၀၅ | ၀.၃၈၁/၆.၉၅ | ၀.၄/၉.၈၃ |
| ၆ | အစိုအခြောက်အလေးချိန်(Factor) | ၀.၆၁၃ | ၀.၆၃၄ | ၀.၆၅ |

# စမ်းသပ်ကွက်ရလဒ်များနှင့်ဆွေးနွေးချက်များ

| စဉ် | သီးနံအမည် | တစ်ဧကကုန်ကျစရိတ် (ကျပ်) | တစ်ဧကအထွက်နှုန်း (တန်) | တစ်ကီလိုဈေးနှုန်း (ကျပ်) | တစ်ဧကအကျိုးအမြတ် | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | ကျပ် | တိရစ္ဆာန်အစာပြောင်းရိုး (တန်) | |
| ၁ | နှံစားပြောင်း | ၁၅၀၄၄၅ | ၀.၄ | ၂၇၀ | ၁၁၅၅၅ | ၇ | |
| ၂ | အစေ့ထုတ်ပြောင်း | ၂၆၂၇၁၅ | ၁.၃ | ၃၀၀ | ၁၈၂၇၈၅ | - | တိရစ္ဆာန်အစာအဖြစ်ပြန်၍လည်အသုံးပြုမှုမရှိ |

# သုံးသပ်ချက်/အကြံပြုချက်

-တောင်ကြီးမြို့နယ်၊ကျောက်နီစိုက်ကွင်းဒေသတွင်းနှံစားပြောင်းစိုက်ပျိုးပါက အပင်ဖြစ်ထွန်းနိုင်မည် ဖြစ်ကြောင်းတွေ့ရှိရပါသည်။

-ကျောက်နီစိုက်ကွင်းပတ်ဝန်းကျင်ရှိတောင်သူများအနေဖြင့်နှံစားပြောင်းအား အစေ့ထုတ်ပြောင်းသီးနှံ စိုက်တန်းများအတွင်း သီးညှပ်အဖြစ်စိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။

-နှံစားပြောင်းစိုက်ပျိုးခြင်းဖြင့် တစ်ကြေအပေါ်တွင်ဈေးကွက်အနေအထားနှင့်သီးနှံပေါက်ဈေးများအရ အမြတ်ရရှိနိုင်မှုမှာငွေကြေးအနေဖြင့် ကာလတူစိုက်ပျိုးသောအစေ့ထုတ်ပြောင်းသီးနှံထက် လျော့ နည်း သော်လည်းနွားစာအဖြစ် တစ်ကေလျှင်ပြောင်းရိုး(၇)တန်ခန့်ရရှိနိုင်မည်ဖြစ်ပါသည်။

-နှံစားပြောင်းအားတိရစ္ဆာန်မွေးမြူရေးခြံကြီးများအတွက် ရည်ရွယ်ပါက သီးသန့်စိုက်ပျိုးခြင်းထက် သီးညှပ်စိုက်ပျိုးခြင်းဖြင့်အဓိကသီးနှံ၏အထွက်နှင့် အိမ်မွေးတိရစ္ဆာန်အတွက် အစားအစာရရှိနိုင်မည် ဖြစ်ပါသည်။

# ရေဆင်းနှံစားပြောင်းဖြူ(၇)၏အပင်နှင့်အနှံ







# ရွှေနီ(၁၅)၏အပင်နှင့်အနှံ








# ရေဆင်းနှံစားပြောင်း (၁၅)၏အပင်နှင့်အနှံ







# ကျောက်နီဒေသတွင်းစိုက်ပျိုးလျှက်ရှိသည့်နှံစားပြောင်းနှင့် အစေ့ထုတ်ပြောင်းသီးညှပ်စိုက်ပုံစံ




# နှံစားပြောင်းစမ်းသပ်စိုက်ပျိုးခြင်း မှတ်တမ်းဓါတ်ပုံများ





# စမ်းသပ်စိုက်ပျိုးသောနံ့စားပြောင်းသီးနှံများ၏အစေ့ပုံသဏ္ဍာန်များ



ရေဆင်း(၇)

ရွှေနီ(၁၅)

ဒေသမျိုး

# ကျေးဇူးတင်ပါသည်။





